# ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့

## ၂၀၁၉ ခုနှစ်အတွင်း လက်ခံရရှိခဲ့သည့် သံသယဖြစ်ဖွယ်သတင်းပို့ချက်များမှ ငွေကြေးလိမ်လည်မှုများအပေါ် စိစစ်သုံးသပ်ချက်အစီရင်ခံစာ

---

**နိဒါန်း**

အာရှပစိဖိတ်ဒေသငွေကြေးခဝါချမှုတိုက်ဖျက်ရေးအဖွဲ့ (Asia-Pacific Group on Money Laundering; APG) က ၂၀၁၈ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆောင်ရွက်မှုများအပေါ် အကဲဖြတ်ချက်အစီရင်ခံစာ (Mutual Evaluation Report; MER) စာပိုဒ် ၃၈ တွင် လိမ်လည်မှု (Fraud/Scam)ကို မြန်မာနိုင်ငံအနေဖြင့် ရင်ဆိုင်ကြုံတွေ့နေရသည့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ ခြိမ်းခြောက်မှုတစ်ခုအဖြစ် ဖော်ထုတ်သတ်မှတ်ခဲ့ပါသည်။

**အကြောင်းအရာအကျဉ်းချုပ်**

ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့အနေဖြင့် ၂၀၁၉ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ နိုဝင်ဘာလ ၃၀ ရက်နေ့အထိ သံသယဖြစ်ဖွယ်သတင်းပို့ချက် စုစုပေါင်း ၁၀၂၃ စောင်လက်ခံရရှိခဲ့သည့် အနက် ၃၈ စောင်မှာ ငွေကြေးလိမ်လည်မှုများနှင့် ဆက်နွယ်နေကြောင်းတွေ့ရှိရပါသည်။ ယင်းငွေကြေး လိမ်လည်မှုများနှင့် ဆက်နွယ်နေသည့် သံသယဖြစ်ဖွယ်သတင်းပို့ချက်များတွင် ပါဝင်သည့် လိမ်လည် ခံရသူများ၏ နေရာဒေသ၊ အသက်အရွယ်၊ အလုပ်အကိုင်၊ ကျား/မ တို့ကိုအခြေခံ၍ ခွဲခြမ်းစိတ်ဖြာသုံးသပ် တင်ပြသည့်အစီရင်ခံစာဖြစ်ပါသည်။

**ရည်ရွယ်ချက်**

ငွေကြေးခဝါချမှုနှင့် သက်ဆိုင်သည့်ပြစ်မှုများမှ လိမ်လည်မှုများနှင့်စပ်လျဉ်း၍ ကြိုတင်ကာကွယ်ရေးဆိုင်ရာ ခွဲခြမ်းစိတ်ဖြာသုံးသပ်မှုအစီရင်ခံစာ (Proactive Analysis Report) ထုတ်ပြန်နိုင်ရန် ရည်ရွယ်ပါသည်။

**လိမ်လည်ခံရသူများ၏ နေရပ်ဒေသအလိုက်ခွဲခြမ်းစိတ်ဖြာတွေ့ရှိချက်**

လိမ်လည်ခံရသူများမှာ ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ ပုသိမ်၊ အောင်ပန်း၊ စစ်ကိုင်း၊ ပေါင်းတည်၊ တာချီလိတ် စသည့်မြို့များမှဖြစ်ပြီး ရန်ကုန်မြို့မှ ၆၆% ၊ မန္တလေးမြို့မှ ၁၃% နှင့်

ကျန်မြို့များမှ ၅%အောက်အသီးသီးဖြစ်ကြောင်းတွေ့ရှိရပါသည်။




**လိမ်လည်ခံရသူများ၏ အသက်အရွယ်အလိုက်ခွဲခြမ်းစိတ်ဖြာတွေ့ရှိချက်**

လိမ်လည်ခံရသူများ၏ အသက်အရွယ်အား ခွဲခြမ်းစိတ်ဖြာသုံးသပ်ပါက အသက် ၃၁ မှ ၄၀ ကြားမှာ ၆၃% ၊ အသက် ၂၀ မှ ၃၀ ကြားမှာ ၁၉%၊ အသက် ၄၁ မှ ၅၀ ကြားမှာ ၁၃% နှင့် အသက် ၅၁ မှ ၆၀ ကြားမှာ ၅% အသီးသီးဖြစ်ကြောင်းတွေ့ရှိရပါသည်။




မြန်မာနိုင်ငံ၏ Facebook သုံးစွဲသူအရေအတွက်မှာလည်း အသက် ၁၈ နှစ်မှ ၄၄ နှစ်ကြား အသက်အရွယ်မှာ အများဆုံးဖြစ်ကြောင်းလေ့လာတွေ့ရှိရပါသည်။




**လိမ်လည်ခံရသူများ၏ အလုပ်အကိုင်အလိုက်ခွဲခြမ်းစိတ်ဖြာတွေ့ရှိချက်**

လိမ်လည်ခံရသူများ၏ အလုပ်အကိုင်များကို ခွဲခြားလေ့လာပါက ကုမ္ပဏီဝန်ထမ်း၊ အစိုးရဝန်ထမ်း၊ ဆရာဝန်၊ အင်ဂျင်နီယာ၊ ကျောင်းဆရာမ၊ ကျောင်းသား၊ ကုန်သည်၊ အရောင်းကိုယ်စားလှယ် စသည်ဖြင့် အလုပ်အကိုင်အမျိုးအစား စုံလင်ကြောင်းတွေ့ရှိရပါသည်။

**လိမ်လည်ခံရသူများကို ကျား/မအလိုက်ခွဲခြမ်းစိတ်ဖြာတွေ့ရှိချက်**

လိမ်လည်ခံရသူများကို ကျား/မအလိုက် ခွဲခြမ်းစိတ်ဖြာလေ့လာပါက အမျိုးသမီးအရေအတွက် ၈၀% ခန့်နှင့် အမျိုးသားအရေအတွက်မှာ ၂၀% ကျော်ခန့်ဖြစ်ရာ လိမ်လည်ခံရသူများတွင် အမျိုးသမီး အရေ အတွက်မှာ သုံးဆခန့်ပိုမိုများပြားကြောင်းတွေ့ရှိရပါသည်။



## ဖြစ်စဉ်လေ့လာချက်

၂၀၁၉ခုနှစ်အတွင်း ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ထံသို့ ပေးပို့လာသည့် သံသယ ဖြစ်ဖွယ်သတင်းပို့ချက်များအရ လိမ်လည်မှုဖြစ်စဉ်အများစုမှာ လိမ်လည်သူ(Offender) သည် လိမ်လည်ခံရသူ(Victim) ထံသို့ ဖုန်းဆက်၍လည်းကောင်း၊ Facebook ကဲ့သို့ လူမှုမီဒီယာမှ တစ်ဆင့် ရင်းနှီးမှုရယူ၍လည်းကောင်း ပြည်ပနိုင်ငံတစ်ခုခုရှိ ရင်းနှီးသူများက လိမ်လည်ခံရမည့် သူများထံသို့ အမေရိကန်ဒေါ်လာများ ပေးပို့လာသည်ဟူ၍လည်းကောင်း၊ လက်ဆောင်ပစ္စည်းများ ပေးပို့လာသည်ဟူ၍ လည်းကောင်း ပြောဆိုလေ့ရှိကြောင်း၊ ယင်းငွေကြေးများထုတ်ယူနိုင်ရန်အတွက် ပထမဦးစွာငွေလွှဲခစရိတ် သို့မဟုတ် ၎င်းပစ္စည်းအတွက် လေဆိပ်ရှိအကောက်ခွန်ဌာနသို့ ပေးသွင်းရန်အတွက် ငွေကိုဦးစွာလွှဲပေးရန် လိုကြောင်းနှင့် အဆိုပါငွေကို မည်သည့်ငွေစာရင်း နံပါတ်သို့ ထည့်သွင်းပေးရန်ပြောဆိုလေ့ရှိကြောင်း၊ လိမ်လည်ခံရသူများမှလည်း အဆိုပါပြောဆိုချက် အတိုင်းဆောင်ရွက်ပြီးနောက် မိမိတို့အနေဖြင့် လက်ခံရရှိ ရမည့်ငွေ သို့မဟုတ် ပစ္စည်းကိုလက်ခံ ရရှိခြင်းမရှိသည့်အခါတွင် လိမ်လည်သူ(Offender)ထံသို့ ပြန်လည်ဆက်သွယ်ရာ ဆက်သွယ်မှု မရတော့ကြောင်းနှင့် လိမ်လည်ခံရသည်ဟုသိရှိပြီး မိမိတို့ ငွေပေးသွင်းခဲ့သည့် ဘဏ်သို့ လာရောက် အကြောင်းကြားသဖြင့် သံသယဖြစ်ဖွယ်သတင်းပို့ချက်အဖြစ် ပေးပို့ခြင်းဖြစ်ကြောင်း တွေ့ရှိရ ပါသည်။ ၎င်းတို့အနက် အချို့မှာ သက်ဆိုင်ရာနယ်မြေရဲစခန်းများတွင် အမှုဖွင့်တိုင်ကြားမှုများရှိ သော်လည်း အများစုမှာ အမှုဖွင့်တိုင်ကြားမှုများပြုလုပ်ခဲ့ခြင်းမရှိကြောင်း တွေ့ရှိရပါသည်။ ဖြစ်စဉ်များတွင် လိမ်လည်ခံရသည့် ငွေပမာဏမှာ တစ်သိန်းကျပ်မှ ကျပ်သိန်းတစ်ရာကျော်အထိရှိပြီး စုစုပေါင်းပမာဏ အနေဖြင့် ကျပ်သိန်း နှစ်ထောင့်ခြောက်ရာကျော်ရှိကြောင်း တွေ့ရှိရပါသည်။

## သုံးသပ်တွေ့ရှိချက်

သံသယဖြစ်ဖွယ်သတင်းပို့ချက်များပါ လိမ်လည်မှုဖြစ်စဉ်များအရ လိမ်လည်ခံရသူများမှာ ရန်ကုန်၊ မန္တလေး အပါအဝင် မြို့ကြီး(၈)မြို့မှဖြစ်ပြီး ထက်ဝက်ကျော်မှာ ရန်ကုန်မြို့မှဖြစ်ကြောင်း၊ အမျိုးသမီးများအားအဓိကပစ်မှတ်ထားပြီး အသက်အပိုင်းအခြားအားဖြင့် ၂၀နှစ်မှ ၆၀နှစ်အတွင်း ဖြစ်ကာ လိမ်လည်ခံရသူအများစုမှာ မြန်မာနိုင်ငံ၏ Facebook သုံးစွဲမှုအများဆုံးအုပ်စုဖြစ်သည့် အသက် ၁၈နှစ်မှ ၄၄နှစ်ထိအုပ်စုနှင့် ဆက်နွယ်နေကြောင်း၊ ကျောင်းသား၊ ဆရာဝန်၊ အင်ဂျင်နီယာ၊ ကျောင်းဆရာ၊ ကုမ္ပဏီဝန်ထမ်းစသည်ဖြင့် အလုပ်အကိုင်မရွေးပစ်မှတ်ထားခံရနိုင်ကြောင်း နှင့် ငွေ သို့မဟုတ် ပစ္စည်း တစ်ခုခုကို နိုင်ငံခြားမှ ပေးပို့လာမှုအတွက် ကျသင့်ငွေအဖြစ် ဘဏ်မှတစ်ဆင့် ဖြစ်မှုကျူးလွန်သူထံ တိုက်ရိုက် သို့မဟုတ် ငွေစာရင်းမှပေးပို့ခဲ့ပြီး ငွေ/ပစ္စည်းလက်ခံရရှိခြင်း မရှိသည့် အခါ ငွေလွှဲပေးပို့မှု ဆောင်ရွက်ခဲ့သည့်ဘဏ်သို့ လိမ်လည်မှုအဖြစ်အကြောင်းကြားခဲ့ကြသော်လည်း သက်ဆိုင်ရာနယ်မြေ ရဲစခန်းများတွင် အမှုဖွင့်တိုင်ကြားမှုအားနည်းကြောင်း သုံးသပ်တွေ့ရှိရပါသည်။

ပြည်သူတစ်ဦးချင်းထံမှ စုစုပေါင်း ငွေပမာဏ သိန်းနှစ်ထောင်ကျော်ဆုံးရှုံးခဲ့ကြောင်းနှင့် Facebook သုံးစွဲသူများနှင့်ဆက်စပ်နေသည့် အတွက် Facebook သုံးစွဲမှုတိုးပွားလာသည်နှင့်အမျှ အလားတူဖြစ်စဉ်များ ဆက်လက်ဖြစ်ပွားနိုင်သည့် အလားအလာ များပြားနေမည်ဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**နိဂုံး**

ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့မှ ၂၀၁၉ခုနှစ်အတွင်း လက်ခံရရှိခဲ့သည့် သံသယဖြစ်ဖွယ် သတင်းပို့ချက်များပါ ငွေကြေးလိမ်လည်မှုဖြစ်စဉ်များပေါ် သုံးသပ်တွေ့ရှိချက်များအရ လိမ်လည်ခံရသူ ပစ်မှတ်အုပ်စုများနှင့် ငွေကြေးဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများသို့ အသိပညာပေးမှုများ ကျယ်ကျယ် ပြန့်ပြန့်ဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံအနေဖြင့် ရင်ဆိုင်ကြုံတွေ့နေရသည့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ ခြိမ်းခြောက်မှုများတွင် တစ်ခုအပါအဝင် ဖြစ်သော ငွေကြေးလိမ်လည်မှုများအတွက် ကြိုတင်ကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ ပြုလုပ်သွား ရမည် ဖြစ်ပါသည်။

ရဲမှူးချုပ် ကျော်ဝင်းသိန်း<br>အဖွဲ့ခေါင်းဆောင်<br>ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့

စာအမှတ်၊ ၄၂၃၆ (       ) / ၁၄-၀၁ / ဦး ၄

ရက်     စွဲ၊ ၂၀၁၉ခုနှစ်၊ ဒီဇင်ဘာလ     ရက်

**ဖြန့်ဝေခြင်း**

ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့

ကြီးကြပ်ရေးအာဏာပိုင်များ

သတင်းပို့အဖွဲ့အစည်းများ

မိတ္တူကို

မြန်မာနိုင်ငံရဲတပ်ဖွဲ့

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန